ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ သောကြာနေ့ (3-2-2012) (၇၀၂၄)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုပါရိုအိမ်ရာဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂

စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့်အဖွဲ့သည် စင်ကာပူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H. E. Mr. Khaw Boon Wan လိုက်ပါလျက် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူမြို့ တိုပါရိုအိမ်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Housing Development Board ရုံးချုပ်သို့ ရောက်ရှိလာရာ Chief Executive, Dr. Cheong Koon Hean နှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး Briefing Room ၌ စင်ကာပူနိုင်ငံရှိ ဝင်ငွေနည်းမိသားစုများအတွက် သင့်တော်သော နေအိမ်အဆောက်အအုံ ဆောက်လုပ်စီစဉ်ပေးနေမှု၊ နိုင်ငံပိုင်မြေပေါ်တွင် ဆောက်လုပ်ပြီး **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စင်ကာပူမြို့ Housing Development Board ရုံးချုပ် Briefing Room ၌ Chief Executive, Dr. Cheong Koon Hean ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သံရုံးဝန်ထမ်းများသည် မိမိတို့တာဝန်ကျရာနိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာအောင် တည်ဆောက်

မိမိတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပူးပေါင်းပါဝင်လာရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ နေအိမ်သို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား သံအမတ်ကြီး ဦးတင်ဦးလွင်က စင်ကာပူနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ၊ စင်ကာပူလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား သံအမတ်ကြီးဦးဆောင်သော သံရုံးဝန်ထမ်းများနှင့် မိသားစုများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့် **စာမျက်နှာ ၅ ကော်လံ ၅ သို့** ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ဇနီးနှင့် သံရုံးဝန်ထမ်း၊ မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၃-၂-၂၀၁၂[သောကြာနေ့]။

ပေါက်ပင် ဘာလို့ကိုင်းရတယ်

ပေါက်ပင်ဘာလို့ ကိုင်းရတယ်. . . ဗျိုင်းနားလို့ ကိုင်းရတယ်. . . ဗျိုင်းဘာလို့ နားရတယ်. . . ငါးပေါ်လို့ နားရတယ်. . . ငါးဘာလို့ ပေါ်ရတယ်. . . ကျွဲလူးလို့ ပေါ်ရတယ်. . . စသည့် စာသားလေးကို ယနေ့ အသက်ခြောက်ဆယ် ဝန်းကျင်အရွယ်ရောက်နေကြသူများ မူလတန်းပညာသင်ကြားစဉ်က ဖတ်ရှု ကျက်မှတ်ခဲ့ရသည်ကို မှတ်မိကြပေဦးမည်။

အကြောင်းတရားနှင့် အကျိုးတရားတို့ တစ်ခုနှင့်တစ်ခု ဆက်စပ်ဖြစ်ပေါ်မှုများကို ထင်ဟပ်ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ မည်သည့်ခေတ် မည်သည့်စနစ်တွင်မဆို လောကသဘာဝနိယာမအရ အောင်မြင်ခြင်း၊ ကြီးပွားခြင်း၊ တိုးတက်ခြင်း၊ ကျရှုံးခြင်း၊ ဆင်းရဲခြင်း၊ ဆုတ်ယုတ်ခြင်း စသည်တို့ လောကဓံတရားအတိုင်း ဖြစ်ပေါ်ခဲ့ကြ၏။ ဖြစ်ပေါ်နေဆဲလည်း ဖြစ်၏။ အဆိုပါအဖြစ်အပျက်ဟူသရွေ့ကို ဆန်းစစ်ကြည့်လျှင် အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးတို့ နယ်ပယ်ကဏ္ဍစုံတွင် ဆက်စပ်ဖြစ်ပေါ်နေသည်ကို တွေ့မြင်ကြရမည်သာဖြစ်၏။

ယနေ့ကမ္ဘာတွင် အိုင်စီတီ၊ ဇီဝနည်းပညာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပညာရပ်များ ရှေ့တန်းရောက်နေသည်။ အိုင်စီတီကို လူတိုင်းသုံးစွဲနိုင်ရေး အားထုတ်နေကြသည်။ လူတိုင်းမသုံးနိုင်လျှင် ဖွံ့ဖြိုးမှုနှေးကွေးရုံသာရှိမည်။ ထို့အတူ ဇီဝနည်းပညာသည်လည်း ပညာရှင်တို့က ကမ္ဘာ့လူသားများအကျိုးအတွက်ဆိုပြီး ကြိုးပမ်းလျက်ရှိရာ အဆိုပါနည်းပညာဖြင့် ထုတ်လုပ်သည့် ဆေးဝါး၊ အစားအစာများကို စားသုံးခြင်းဖြင့် ကောင်းကျိုးနှင့်ဆိုးကျိုး ဒွန်တွဲလာသည်။ လူအများက ဇီဝနည်းပညာကို မသိကြ၍ မတတ်ကြ၍မသုံးနိုင်လျှင်လည်း အကြောင်းမထူးချင်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်တွင်လည်း လူတိုင်း လူတိုင်း သိရှိရုံသာမက လိုက်နာကျင့်သုံးကြရန် လိုအပ်၏။ လိုက်နာကျင့်သုံးမှုအားနည်းလျှင် အားနည်းသည့်အလျောက် နစ်နာဆုံးရှုံးမှုများဖြင့် တွေ့ကြုံကြရမည်ဖြစ်၏။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ကမ္ဘာကြီး ပူနွေးလာမှု၊ သစ်တောသစ်ပင်များ ပြုန်းတီးမှု၊ ဖန်လုံအိမ် အာနိသင်မြင့်တက်လာမှု၊ လေထု၊ ရေထု ညစ်ညမ်းလာမှု၊ မြစ်ချောင်းများ တိမ်ကောလာမှုတို့မှသည် ဇီဝ မျိုးစုံမျိုးကွဲများ ပျောက်ကွယ်မှုတို့ဟူ၍ သိထားကြရာ ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းနှိုးဆော်ကြသည်။သို့သော် ကာဗွန်များမှာ ထုတ်လွှတ်ဆဲပင်။

ထို့အတူ နိုင်ငံငယ်များမှ လူမျိုးစုများ၏ ဘာသာစကား၊ စာပေ၊ ဂီတအနုပညာ၊ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးတမ်းယဉ်ကျေးမှုများ၊ မျိုးသုဉ်းပျောက်ကွယ်လာမှုများ ဖြစ်ပေါ်လျက်ရှိရာ လူမှုပတ်ဝန်းကျင် ထိန်းသိမ်းရေးအမြင်ဖြင့် ထိန်းသိမ်းကြရမည့် အချိန်အခါသို့ရောက်ရှိနေပေပြီ။ ခေတ်ရေစီးကြောင်းဟုဆိုကာ ခေတ်မီခြင်း၊ ခေတ်ရှေ့ပြေးခြင်းတို့ကို ဂီတအနုပညာ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုစသည့် ရုပ်ဝတ္ထုသုံးစွဲမှုများဖြင့် ပြသကြခြင်းသည် သင့်လျော်မှုမရှိဟု ဆိုသည်။ သို့သော် စီးမြဲ စီးဝင်။

လူအများ မြင်သာထင်သာ သွားလာလှုပ်ရှားနေကြသည့် မြို့ပြဝန်းကျင်တွင် အမျိုးသမီးငယ်များ အရှက်မျှပင် မလုံ့တလုံ ဝတ်စားဆင်ယင်သွားလာနေကြ၏။ အမျိုးသား အမျိုးသမီး ပြောဆိုနေထိုင် ပြုမူနေကြသည့် ခေတ်လွန်ယဉ်ကျေးမှုမြင်ကွင်းများကလည်း မြန်မာ့လူမှုပတ်ဝန်းကျင်မှ အများစုအတွက် စိတ်အနှောင့်အယှက်ဖြစ်ဖွယ် တွေ့ကြုံနေကြရ၏။ သို့သော် လူ့သဘာဝဝန်းကျင်။

မူဟန်မပျက် အဆက်ဆက်ဖွံ့ဖြိုးတိုးတက်လာခြင်းတို့သည် တစ်ခုနှင့် တစ်ခု၊ တစ်ခုပြီး တစ်ခု ဆက်တွယ်ဖြစ်ထွန်းလာခဲ့ရာ ပေါက်ပင် ဘာလို့ ကိုင်းရတယ်. . . ဗျိုင်းနားလို့ ကိုင်းရတယ်. . . ဟူသည့် အကြောင်းအကျိုး ဆက်စပ်နေမှုကို ဖော်ညွှန်းထားသကဲ့သို့ပင် ဖြစ်တည်လာသော အကြောင်းအကျိုးဆက်စပ်မှုများကို ရှုမြင်သုံးသပ်ရင်း မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ဉာဏ်နှင့် ယှဉ်၍ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းဆင်ခြင်နေထိုင်သင့်ကြပေသည်။ ။

ပြည်ထောင်စုတရားသူကြီးချုပ်အား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားသတ်မှတ်၍ တရားစီရင်မှုများဆောင်ရွက်နေသည့် အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်နှင့် မြို့နယ်အဆင့် တရားသူကြီးများအနေဖြင့် ရရှိထားသည့်ရာထူးအဆင့်ဆင့်အလိုက် တရားစီရင်ရေးအာဏာ၊ သင်တန်း၊ သက်တမ်းအတွေ့အကြုံများဖြင့် ဥပဒေနှင့်အညီ လွတ်လပ်မျှတစွာ တရားစီရင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၁၀ ၁။ တရားတော်
- ၇း၂၀ ၂။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၃။ မြန်မာ့ရှုခင်း
- ၇း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၆။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၇။ ဇာတ်လမ်းတို

ညပိုင်း

- ၄း၁၀ ၁။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၂။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၀ ၃။ မှတ်တမ်း
- ၄း၄၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၄၅ ၅။ အိုင်စီတီသုတ
- ၄း၅၅ ၆။ မီးသတိပေးနှိုးဆော်ချက်
- ၅း၃၀ ၇။ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆း၃၀ ၈။ 'ရွာ'ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၃၄) -အတိတ်လွန် (ပထမပိုင်း) (သူရဇ္ဇ၊ ဝင်းသပြေထွန်း၊ နိုင်ဝင်းနှင့်သရုပ်ဆောင်များ)
- ၆း၄၅ ၉။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၄၈)**
- ၁၁။ လျှပ်တစ်ပြက်
- ၁၂။ သံစဉ်များနှင့်ကမ္ဘာ
- ၁၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီး. . . ချစ် (အပိုင်း-၁၁)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးစိုးဝင်းအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတင်းမီဒီယာကဏ္ဍတွင် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၉၁၅၀	၀. ၀၃၂၃၅
တရုတ် (ယွမ်)	၆. ၃၀၆၁၀	၀. ၁၅၈၅၈
အိန္ဒိယ (ရူပီး)	၄၉. ၁၆၀၀	၀. ၀၂၀၃၄
မလေးရှား (ရင်းဂစ်)	၃. ၀၁၆၀၀	၀. ၃၃၁၅၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၆၂၁	၀. ၈၀၂၄၃
ဂျပန် (ယန်း)	၇၆. ၁၀၁၇	၀. ၀၁၃၁၄
တောင်ကိုရီးယား(ဝမ်)	၁၁၁၉. ၃၀	၀. ၀၀၀၈၉
ယူရို	၀. ၇၆၂၁၉	၁. ၃၁၂၀၁
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၈၁	၁. ၅၈၂၇၄

အင်တာနက်။

မန္တလေးကုန်စည်ဈေးနှုန်း

(၂-၂-၂၀၁၂)

ရွှေဈေး

အခေါက်ရွှေ(အဆင့်-၁)	၇၃၀၀၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၂၉၀၀၀
ရွှေဒင်္ဂါး(ရွှေရည်မီ)	၆၅၆၀၀၀

ဆန်ဈေး (သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

ပေါ်ဆန်းမွှေး	၃၀၀၀၀
ရွှေဘိုမနော်	၁၈၀၀၀
မဂျမ်းတော	၁၈၀၀၀
စောရှုပ်(ဟောင်း)	၂၅၀၀၀
စောရှုပ်(သစ်)	၂၁၀၀၀
ပေါ်ကွဲ(ဟောင်း)	၂၂၀၀၀
ပေါ်ကွဲ(သစ်)	၁၉၅၀၀
ဇီယာ(ဟောင်း)	၂၁၅၀၀
ဇီယာ(သစ်)	၁၅၅၀၀
ငစိန်	၁၂၅၀၀/၁၃၀၀၀
ဧရာမင်း(ဟောင်း)	၁၅၀၀၀/၁၆၀၀၀
သုခ-မတ္တရာ	၁၂၅၀၀/၁၃၀၀၀
ရွှေသွယ်	၁၁၅၀၀/၁၂၀၀၀

ဆီဈေး

ပဲဆီ	၃၁၀၀/၃၅၀၀
နှမ်းဆီ	၂၅၅၀/၂၆၀၀
ပန်းနှမ်းဆီ	၂၅၀၀/၂၅၅၀
နေကြာဆီ	၂၄၀၀/၂၅၀၀
မုန်ညင်းဆီ	၂၆၀၀/၂၆၀၀
ပဲပုပ်ဆီ	၁၉၀၀/၁၉၅၀
ဝါစေ့ဆီ	၁၇၀၀/၁၇၅၀
စားအုန်းဆီ	၁၈၆၀/၁၈၇၀
ကြက်ဆူဆီ	၃၀၀၀

သကြားဒိုင်ဈေးနှုန်း

ခါသကြား	၆၀၀/၆၁၀/၆၂၀
ပွတ်သား	၄၈၀/၄၉၀/၅၀၀
ခါရေ	၂၉၀/၃၀၀
ပေါင်းရေ	၂၃၀/၂၅၀/၂၆၅

(၀၀၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး စင်ကာပူနိုင်ငံမှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် သွားရောက်ခဲ့ပြီးနောက် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စင်ကာပူနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဖေဖော်ဝါရီ ၁ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၁ နာရီခွဲတွင် စင်ကာပူမြို့ရှိ ရှန်ဂရီလာဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား စင်ကာပူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Khaw Boon Wan နှင့် ဇနီး၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr.Robert Chua နှင့်ဇနီး၊ စင်ကာပူနိုင်ငံ သံတမန်ရေးရာဦးစီးဌာနအကြီးအကဲ Mr. Lim Cheng Hoe နှင့် မြန်မာသံရုံး ဝန်ထမ်းများ၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံမှ အထူးလေယာဉ်ဖြင့် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သောမြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Khaw Boon Wan နှင့် တာဝန်ရှိသူများက စင်ကာပူမြို့ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် နေပြည်တော် ခုတင်(၁၀၀၀) ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံအား သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက် ဆေးဝါးကုသမှု ခံယူလျက်ရှိသော မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယကသည် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိလာရာ လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဆေးရုံ၌ဆေးဝါးကုသမှု ခံယူလျက်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံအား ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား တရုတ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စက်မှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃-၂-၂၀၁၂ (သောကြာနေ့)

AM & PM

- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "မိဂဒါဝုန်က ဆွေးနွေးသံ" တရားတော် [ဆရာတော်ဦးသုကဝိ]
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၀၆)**
- ၉း၃၀ Movie Talk [ရုပ်ရှင်ထူးချွန်ဆုသမိုင်း] ဒါရိုက်တာကြည်စိုးထွန်း (အပိုင်း-၉)
- ၂း၀၀ မြန်မာ့လက်ရွေးစင် (U-21) အသင်းနှင့် အူလ်ဆန်ယူနီဗာစီတီ (ကိုရီးယား)အသင်း ခြေစမ်းပွဲစဉ်
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၅၉)**
- ၅း၀၀ အောင်မြင်စွာဆင်နွှဲမြန်မာနိုင်ငံ ဆရာဝန်အသင်းညီလာခံပွဲ
- ၆း၁၅ ၂၀၁၀ ခုနှစ် အကယ်ဒမီ ကြိုတင်ပြင်ဆင်နေမှုများ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၀၇)**
- ၇း၃၀ ၂၀၁၀ ခုနှစ် အကယ်ဒမီ ဇန်းကိုင်များ
- ၇း၅၀ ၂၀၁၀ ခုနှစ် အကယ်ဒမီ ကြိုတင်ပြင်ဆင်နေမှုများ
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Style ရှိမှ Star ဖြစ်မယ်
- ၉း၂၀ The Shop Around The Corner (Part-15)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၆၀)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားစေရီ" (အပိုင်း-၇)**
- ၁၁း၁၅ Fashion Week (In Spire Dress & Dreanwear) (အပိုင်း-၁)
- ၁၁း၄၀ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း

ခွာနာလျှာနာရောဂါထိန်းချုပ်ရေး တာချီလိတ်၌ ပညာပေးဆွေးနွေး

တာချီလိတ် ဖေဖော်ဝါရီ ၂

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးဆိုင်ရာ လူထုပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒေါက်တာဒေါ်ချိုချို ထွက်းက ခွာနာလျှာနာရောဂါကင်းရှင်းရေး စီမံချက်နှင့် ခွာနာလျှာနာရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ ခွာနာလျှာနာရောဂါကင်းစင်ရေး အတွက် သွေးရည်ကြည်နမူနာဖောက်ယူ စစ်ဆေးခြင်း၊ ကာကွယ်ဆေးများအခမဲ့ ထိုးနှံပေးခြင်း၊ အသိပညာပေးခြင်းနှင့် ရောဂါစူးစမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်မည့် ဆက်သွယ်ဆက်ဆံရေးအရာရှိလောင်းများ လူတွေ့စစ်ဆေးခြင်းအစီအစဉ် ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရန် ပြင်ပမှ (နေ့စဉ်ကျောင်းတက်နေသူများမပါ) လျှောက်လွှာတင်သွင်းထားရှိသည့် နေပြည်တော်၊ အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်ဒေသများမှ ဆက်ဆံရေး အရာရှိလောင်းများ လူတွေ့စစ်ဆေးခြင်းအစီအစဉ်ကို နေပြည်တော်ကောင်စီနယ်မြေဒေသများအတွက် ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမကြီးနှင့် အစည်းအဝေးခန်းမ (၂)တို့၌လည်းကောင်း၊ အောက်မြန်မာပြည်ဒေသများအတွက် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ သင်တန်းခန်းမနှင့် အစည်းအဝေးခန်းမတို့၌လည်းကောင်း၊ အထက်မြန်မာပြည်ဒေသများအတွက် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ နံနက် ၉ နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ သင်တန်းခန်းမနှင့် အစည်းအဝေးခန်းမတို့၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူမြို့ တိုပါရိုအိမ်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ အထပ် ၄၀ မြင့် အဆောက်အအုံ၌ ကြည့်ရှုလေ့လာပြီး အိမ်ရှင်မိသားစုအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူမြို့ တိုပါရိုအိမ်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ အထပ် ၄၀ မြင့်ပြီး အခန်း ၁၆၀ ပါရှိသော အဆောက်အအုံတစ်လုံး၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

တစ်ဦးချင်းစုငွေဖြင့် အခန်းဝယ်ယူသူများက သားစဉ်မြေးဆက် အခန်းပိုင်ဆိုင်မှု၊ ပြည်သူများ၏ အခြေခံလိုအပ်ချက်သည် အလုပ်အကိုင်ရရှိရေးနှင့် နေထိုင်ရေးပင်ဖြစ်သည့်အတွက် Housing Development Board က ဖြည့်ဆည်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Housing Development Board ရုံးချုပ်ရှုရပ်မှနေ၍ ကုမ္ပဏီမှဆောက်လုပ်ထားသည့်အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တိုပါရိုအိမ်ရာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ အထပ် ၄၀ မြင့်ပြီး အခန်း ၁၆၀ ပါရှိသော အဆောက်အအုံတစ်လုံးသို့ သွားရောက်ကာ အခန်းများဖွဲ့စည်းထားရှိမှု၊ ရေ၊ မီးစနစ်များနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူမြို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် စင်ကာပူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး၏ ဇနီး Mrs.Jean Khaw က ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်လင်းလင်းတင်နှင့် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ ဇနီး ဒေါ်မေမြင့်မောင်တို့ တက်ရောက်ကြပြီး စင်ကာပူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး၏ ဇနီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး၏ ဇနီး Mrs. Hisayo Chua နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲတွင် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် စင်ကာပူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး၏ ဇနီးတို့သည် နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီးနှင့် အဖွဲ့ဝင်များသည် စင်ကာပူမြို့ Under Water World သို့ ရောက်ရှိကြပြီး ရေအောက်ကမ္ဘာ ငါးပြကွက်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၀၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် မတ် ၁ ရက်က တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့သည့် Singapore Flyer ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

Singapore Flyer မှာ အမြင့် ၁၆၅ မီတာ (၅၄၁ ပေ) မြင့်သည်။ ရဟတ်၏အချင်းမှာ မီတာ ၁၅၀ (၄၉၂ ပေ)ရှိသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍နိုင်ငံတော်သမ္မတ၏ ဇနီးနှင့်အဖွဲ့ဝင်များသည် National Orchid Garden သို့ ရောက်ရှိကြပြီး သစ်ခွပန်းကို "Dendrobium U Thein Sein-Daw Khin Khin Win" အဖြစ် အမည်နာမပေးအပ်ပွဲသို့တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတ၏ဇနီးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် National Orchid Garden အတွင်း လှည့်လည်ကြည့်ရှုကြသည်။ National Orchid Garden ၌ နိုင်ငံတကာရှိ သစ်ခွမျိုးစုံ ၁၀၀၀ ကျော်နှင့် သစ်ခွစပ်မျိုး ၂၀၀၀ ကျော်တို့ကို စိုက်ပျိုးပြသထားကြောင်းသိရသည်။

National Orchid Garden ကို ၁၉၉၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး စင်ကာပူ ရုက္ခဗေဒဥယျာဉ်အတွင်းရှိ တောင်ကုန်းမြင့်ပေါ်၌ တည်ရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီးနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ရှန်ဂရီလာဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူမြို့ National Orchid Garden ၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူမြို့ Under Water World ၌ ရေအောက်ကမ္ဘာ ငါးပြကွက်များကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မြန်မာကုန်သွယ်ရေကြောင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYANMAR MERCANTILE MARINE DEVELOPMENT ASSOCIATION) ၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်(ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ International Business Centre (I.B.C) ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးနှင့်အတူ P & I Club မှ The Necessity of Legal Representation Worldwide, General Principles of Finance, Marine Perils as Insured and The Arbitration in Shipping Disputes ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြမည်ဖြစ်၍ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၍

မြန်မာ့ရိုးရာဓလေ့ပြိုင်ပွဲများ ကျင်းပ

ဂန့်ဂေါ ဖေဖော်ဝါရီ ၂

မြန်မာ့ရိုးရာဓလေ့ လှည်းကြော့မောင်း ပြိုင်ပွဲ၊ ဘော်လီဘော ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများ အပါအဝင် ပျော်ပွဲရွှင်ပွဲများကို မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မင်းရွာ ရွှေသီတာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ရွှေသီတာကွင်း၌ ဇန်နဝါရီ ၅ ရက်မှ ၈ ရက်ထိကျင်းပပြီး ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် ည ၇ နာရီတွင် ကျင်းပရာ လှည်းကြော့မောင်း(အကြီးတန်း)ပြိုင်ပွဲတွင် မင်းရွာမှ ဦးဇော်မင်းနိုင်က (နွား)အကဲလေးဖြင့် ပထမဆုရရှိ၍ လှည်းကြော့မောင်း (အငယ်တန်း) ပြိုင်ပွဲတွင် ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်မှ ဦးလွင်ဦးက(နွား) ပုလဲဖြူဖြင့် ပထမဆုရရှိသည်။ အကြီးတန်းပြိုင်ပွဲဆုများကို ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က လည်းကောင်း၊ အငယ်တန်းပြိုင်ပွဲများကို စေတီတော်ဂေါပက အဖွဲ့ဝင် ဦးလှဆွေကလည်းကောင်း ချီးမြှင့်ကြပြီး အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ချီးမြှင့်ကြကြောင်း သိရသည်။ (၄၆၅)

❐ သံရုံးဝန်ထမ်းများမှ

တည်ငြိမ်အေးချမ်းမှု၊ အနောက်နိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ဆက်သွယ်၊ ဆက်ဆံမှုများ ပိုမိုကောင်းမွန်လာခြင်းကြောင့် တားဆီးပိတ်ပင်မှုများ လျော့နည်းလာမှုနှင့် ဖြေလျှော့ပေးမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုမှသည် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်တည်ဆောက်နေမှု၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကမ်းလှမ်းဆောင်ရွက်လာမှု၊ ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဖော်ဆောင်နေမှုများကို ရှင်းလင်းပြောကြားပြီး ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ သံရုံးဝန်ထမ်းများ အနေဖြင့် မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်ပြီး သံတမန်ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာသွားကြရန် ဖြစ်ကြောင်း၊ သံရုံးဝန်ထမ်းများသည် မိမိတို့တာဝန်ကျရာ နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက် ခိုင်မာအောင် တည်ဆောက်ရင်း မိမိတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပူးပေါင်းပါဝင်လာရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က သံအမတ်ကြီးနှင့် ဇနီး၊ သံမှူးကြီးနှင့် ဇနီး၊ ဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး စင်ကာပူနိုင်ငံရှိ ပညာတော်သင်ကျောင်းသားများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏နေအိမ်၌ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ စင်ကာပူနိုင်ငံသို့ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ စင်ကာပူသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ၎င်းတို့နှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် လှည့်လည်ကြည့်ရှုလေ့လာခြင်း၊ စင်ကာပူသမ္မတနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့သည် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံရှိ မြို့ပြပြန်လည်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (Urban Redevelopment Authority) သို့ ရောက်ရှိရာ အမှုဆောင်အရာရှိချုပ် Mr. Lim Neo Chian က မြို့ပြအိမ်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အဆင့်ဆင့်နှင့် နိုင်ငံသူ နိုင်ငံသားများနေထိုင်မှု အဆင့်အတန်းမြင့်မားအောင် အိမ်ရာများ ဘက်ပေါင်းစုံမှ ပြည့်စုံအောင် တည်ဆောက်ထားမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ မြို့ပြအိမ်ရာများ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများနှင့် မြို့ပြအိမ်ရာပုံစံငယ်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ရန်ကုန်မြို့တော်ဝန်တို့သည် Jurong Town ကောင်စီဌာနချုပ်သို့ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ JTC Corporation ဒုတိယ အမှုဆောင်အရာရှိချုပ် Mr. David Tan က Jurong Town စက်မှုဇုန် တည်ဆောက်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး Jurong မြို့နယ် အတွင်းရှိ စက်ရုံများအား လူနေအိမ်ရာများ အနှောင့်အယှက်မဖြစ်အောင် တည်ဆောက်ထားပုံ၊ လေထုညစ်ညမ်းမှု မရှိအောင် စွန့်ထုတ်ပစ္စည်းများအား ကာကွယ်ထိန်းသိမ်းထားပုံနှင့် အပန်းဖြေနေရာများ တည်ဆောက်ထားပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က မြန်မာနိုင်ငံတွင် မြို့ပြအိမ်ရာများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေမှုနှင့် ဟိုတယ်နှင့် အိမ်ရာများ တည်ဆောက်မှု စည်းမျဉ်းစည်းကမ်းများကို ပြန်လည်ရှင်းလင်းပြောကြားပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် Jurong Town ကောင်စီဌာနချုပ် (၃၁)ထပ်ရှုရပ်မှနေ၍ စက်မှုဇုန်တည်ဆောက်ထားမှုများနှင့် စင်ကာပူမြို့ပြအိမ်ရာ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ကမ္ဘာ့အကြီးဆုံး Transshipment hub ဖြစ်သော PSA Port သို့သွားရောက်၍ PSA Port မှ ဒေသဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ Mr. Kenny Ong နှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး PSA Port အနေဖြင့် ပစ္စည်းများတင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းများနှင့် Terminal များ ခွဲခြားဆောင်ရွက်နေပုံများ၊ ဆိပ်ကမ်းများအတွင်း ပစ္စည်းထုတ်ယူသည့်အခါ စစ်ဆေးသည့်နည်းပညာများ၊ ကရိန်းများအား ထိန်းသိမ်းသည့် စနစ်များကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် စင်ကာပူနိုင်ငံ၏ ရေနံနှင့် ရေနံဓာတုပစ္စည်း အဓိက ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော Petrochemical Corporation of Singapore (Private) Limited သို့ သွားရောက်ပြီး Managing Director Mr. Akira Yonemura နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**(အောက်ဝဲပုံ)**

ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီ၏ ဓာတ်ငွေ့အမျိုးအစားနှင့် အရည်အမျိုးအစားတို့ကို ထုတ်လုပ်နေပုံများ၊ ကုန်အမျိုးအစားများကို ပိုက်လိုင်း၊ ကွန်တိန်နာများဖြင့် ပို့ဆောင်နေပုံများကို ကြည့်ရှုလေ့လာခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဇန်နဝါရီ ၃၁ ရက်တွင် စင်ကာပူသမ္မတနိုင်ငံရှိ Institute of Technical Education College East ၊ Tanjong Katong Secondary School နှင့် Nanyang Technological University တို့ကို သွားရောက်လေ့လာသည်။

ယင်းသို့ သွားရောက်လေ့လာရာတွင် စင်ကာပူနိုင်ငံ နည်းပညာကောလိပ်များ၊ အထက်တန်းကျောင်းများ၊ တက္ကသိုလ်များ၏ သင်ကြားမှုစနစ်များ၊ ရည်မှန်းချက်များ၊ ကျောင်းသား လူငယ်များအား ပြုစုပျိုးထောင်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူသမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာနဝန်ကြီး Mr.Heng Swee Keat နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အဆင့်မီပညာရေးစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ကြိုးပမ်းမြှင့်တင်ရေးတွင် စင်ကာပူနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စများ၊ ကောင်းမွန်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးတွင် အရေးပါသည့် အခန်းကဏ္ဍဖြစ်သည့် ဆရာများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ စင်ကာပူနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုနည်းစနစ်များ စသည်တို့ကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် Ministry of Trade and Industry ရုံး၌ စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E. Mr. Teo Ser Luck နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့တော်ဝန်သည် ကုန်းလမ်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ရုံး Land Transport Authority (LTA) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ Corporate Planning & Research, Land Transport Authority မှ Group Director Mr. Lew Yii Der နှင့် အဖွဲ့နှင့်တွေ့ဆုံသည်။

ထို့အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်နှင့်အဖွဲ့ဝင် ဦးနေ်ာအောင်တို့သည် ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီတွင် စင်ကာပူ စီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ Mr. Tony Chew နှင့် အဖွဲ့အားတွေ့ဆုံ၍ စင်ကာပူနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်၍ ရင်းနှီးမြှုပ်နှံရန် ကိစ္စရပ်များနှင့်ပတ်သက်ပြီး လေ့လာဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။

ဆက်လက်၍ စီးပွားရေးအငြင်းပွားမှုများ ဖျန်ဖြေနိုင်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်ကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ချုပ်ဆိုရန် ကိစ္စတို့နှင့်စပ်လျဉ်း၍နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

စင်ကာပူနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၂၀ ကျော်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်ပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ ရင်းနှီးမြှုပ်နှံမည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဦးဝင်းအောင်နှင့် အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် စင်ကာပူ အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ စင်ကာပူအခြေစိုက် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်မည့်ခရီးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် စင်ကာပူသမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Heng Swee Keat တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၇၉) ဦးတို့တက်ရောက်ကြသည်။

အစည်းအဝေး၌ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန(၁၀)ခုမှ ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမျိုးသားကျန်းမာရေး စီမံကိန်း (၂၀၁၁-၂၀၁၆) အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပဉ္စမကာလတိုင်းနှစ် အမျိုးသားစီမံကိန်း ကျန်းမာရေးကဏ္ဍ၏လုပ်ငန်းစဉ်များနှင့် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းထားရှိမှု၊ ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ဆေးရုံ၊ ဆေးပေးခန်းနှင့် ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်နိုင်မှု၊ ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးရေး လုပ်ငန်းများအခြေအနေ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းလျာထားမှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့မှုနှင့် ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ စီမံချက်ဘဏ္ဍာငွေစာရင်းတို့ကို တင်ပြ

အသုံးစရိတ်နှင့် ဖြည့်စွက်ငွေလုံး ငွေရင်း အသုံးစရိတ်၊ ရငွေကိုတိုးမြှင့်ရှာဖွေပြီး အသုံးစရိတ်ကိုလျှော့ချနိုင်ခဲ့သည့်အတွက် ပိုငွေရရှိလာမှု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် သာမန်ရငွေနှင့် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း ရငွေနှင့် ငွေလုံးငွေရင်း အသုံးစရိတ်၊ ဆောက်လုပ်ရေးအသုံးစရိတ်၊ စက်ပစ္စည်းအသုံးစရိတ်နှင့် အခြား အသုံးစရိတ်၊ ယဉ်ကျေးမှုဆိုင်ရာ လေ့ကျင့်ရေးဇာတ်ရုံနှင့် သိုလှောင်ရုံ တည်ဆောက်ရန်နှင့် ရှေးဟောင်းအဆောက်အအုံနှင့် ယဉ်ကျေးမှုပြတိုက်များ မွမ်းမံထိန်းသိမ်းရန်လျာထားမှု၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ယခုနှစ်အတွင်း ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် လျာထားမှုနှင့် နေပြည်တော် အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့ကို မကြာမီ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကာလတို ငါးနှစ်စီမံကိန်း၏ မူဝါဒနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ၊ ၂၀၁၁-၂၀၁၂ ခုနှစ် သာမန် အရအသုံး ခန့်မှန်းခြေစာရင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် ငွေလုံးငွေရင်း အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် နောက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တတိယနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အသုံးစရိတ်များအနက်မှ ရငွေကိုယခင်နှစ်ကကဲ့သို့ တိုးမြှင့်ရှာဖွေကာ သုံးစွဲငွေကို တတ်နိုင်သမျှ စိစစ်လျှော့ချ သုံးစွဲသွားမည်ဖြစ်ကြောင်းဖြင့် တင်ပြသည်။

ဝန်ကြီး ဦးတင့်ဆန်းက ပဉ္စမကာလတို (၅)နှစ်၏ အားကစား ဆိုင်ရာမူဝါဒများနှင့် ရည်မှန်းချက်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံး

သာမန်အသုံးစရိတ်ဖြည့်စွက်ခွင့်ပြုငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေ၊ ၂၀၁၂-၂၀၁၃ ခုနှစ် မူလခန့်မှန်းခြေ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင် နိုင်ငံခြား ရငွေ/သုံးငွေစာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ဦးစီးဌာနများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှု၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံပြီးနောက် ဖြစ်ပေါ်လာသည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း လျာထားမှု၊ ဦးစီးဌာနများ၏ သာမန်ရငွေနှင့် အသုံးစရိတ်လျာထားချက်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ဆောက်လုပ်ရေး အသုံးစရိတ်နှင့် စက်ပစ္စည်းအသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းထားမှု၊ အထူးဖွံ့ဖြိုးရေးဒေသများ သတ်မှတ်ထားမှု၊ ဝန်ကြီးဌာန၏အမျိုးသား စီမံကိန်းဆိုင်ရာမူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံသုံးစွဲမှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ပေးမည့် အခြေအနေ၊ လျှပ်စစ်မီးအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာ၊ အသက်မွေးမှုပညာ စသည့်ကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှု၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှု၊ အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရခြင်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်းမှ သာမန်ရငွေ၊ သာမန်အသုံးစရိတ်၊ လစာနှင့် အုပ်ချုပ်မှုအသုံးစရိတ်၊ ထောက်ပံ့အသုံးစရိတ်၊ အတိုးအသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေးစတုတ္ထနေ့ကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သည်။

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်း၊ ရငွေနှင့် အသုံးစရိတ်၊ ထပ်မံခွင့်ပြုသည့် သာမန်သုံးငွေနှင့်ငွေလုံးငွေရင်းသုံးငွေ၊ ၂၀၁၂-၂၀၁၃ ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း၊ သာမန် ရငွေ၊ သုံးငွေ၊ ငွေလုံးငွေရင်း သုံးငွေနှင့် ဆောက်လုပ်ရေးအသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပဉ္စမကာလတိုငါးနှစ် (၂၀၁၁-၂၀၁၆)အမျိုးသားစီမံကိန်း၏ မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာန၏ ၂၀၁၁- ၂၀၁၂ခုနှစ် ရငွေသုံးငွေစာရင်းချုပ်၊ ဖြည့်စွက်ရန်ပုံငွေ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း

ထပ် ဘဏ္ဍာငွေတောင်းခံရခြင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် သာမန်အရအသုံး ခန့်မှန်းခြေစာရင်း၊ ၂၀၁၂-၂၀၁၃ခုနှစ် ငွေလုံးငွေရင်း အရအသုံးခန့်မှန်းခြေစာရင်း၊ ဆောက်လုပ်ရေးအသုံးစရိတ်နှင့် စက်ပစ္စည်းအသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ ပဉ္စမကာလတိုငါးနှစ် (၂၀၁၁-၂၀၁၆)အမျိုးသားစီမံကိန်း၏ မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံး ခန့်မှန်းခြေစာရင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရငွေ/သုံးငွေ စာရင်းချုပ်၊ ၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းတို့ကို ရှင်းလင်းတင်ပြပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ပထမဦးစားပေး စိစစ်ချက်ရငွေနှင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏မူဝါဒများ၊ ရည်မှန်းချက်များအပေါ် ဆောင်ရွက်မည့် အစီအစဉ်များ၊ ၂၀၁၁-၂၀၁၂ ခုနှစ် သာမန်အရအသုံးခန့်မှန်းခြေစာရင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အရအသုံးခန့်မှန်းခြေစာရင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် နောက်ထပ်ဘဏ္ဍာငွေတောင်းခံရခြင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဆောက်လုပ်ရေး အသုံးစရိတ်နှင့် စက်ပစ္စည်းအသုံးစရိတ်၊ ၂၀၁၂-၂၀၁၃ ခုနှစ် သာမန် အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခန့်မှန်းခြေစာရင်း၊ ဆောက်လုပ်ရေးအသုံးစရိတ်နှင့် စက်ပစ္စည်းအသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

အားကစားဝန်ကြီးဌာန ပြည်ထောင်စု

စရိတ်မှ ဖြည့်စွက်ခွင့်ပြုငွေတင်ပြတောင်းခံထားမှု၊ ၂၀၁၁-၂၀၁၂ခုနှစ် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အိမ်ရှင်နိုင်ငံအနေဖြင့် ထိုက်ထိုက်တန်တန် နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပဉ္စမကာလတိုငါးနှစ် အမျိုးသားစီမံကိန်း၏ မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ခုနှစ် မူလခွင့်ပြုငွေအသုံးစရိတ်၊ ဖြည့်စွက်ခွင့်ပြုရန် တောင်းခံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်၊

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ပရိတ်တရားတော်
- ၈း၂၅ ၂။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၃။ International News

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ "ရင်နှစ်ပန်းတို့ လန်းစေချင်"
- ၄း၄၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
- ၅း၀၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၅။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၆။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၆း၅၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ)(အပိုင်း-၂၉)
- ၇း၄၅ ၁၁။ "ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ နေပြည်တော်-မန္တလေးအမြန်လမ်း"
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ လျှပ်တစ်ပြက်ဟာသများ
- ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသင်္ချေ" (အပိုင်း-၃)
- ၁၅။ သီချင်းချစ်သူ (အောင်လ)

ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပဏာမသဘောတူညီချက်လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ မွန်ပြည်သစ်ပါတီ(NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့သည် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပဏာမသဘောတူညီချက်လက်မှတ်ရေးထိုးရန်အတွက် မော်လမြိုင်မြို့ Strand Hotel သို့ ဇန်နဝါရီ ၃၁ ရက်တွင်ရောက်ရှိလာရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့နောက် ညပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့က မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အား ထာဝရငြိမ်းချမ်းရေးအတွက် ညစာတည်ခင်းဧည့်ခံရာ ရှေးဦးစွာ မွန်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားရိုးရာအကများဖြင့် ဖြေဖျော်ကြပြီး နိုင်ငံတော်သမ္မတ၏ ထာဝရငြိမ်းချမ်းရေးလက်ဆောင်အဖြစ် ပေးအပ်သော Sky Net အလုံး ၂၀ ကို နိုင်ငံတော်သမ္မတကိုယ်စားရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စအား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ထာဝရငြိမ်းချမ်းရေး လက်ဆောင်အဖြစ် Sky Net ၁၀ လုံးနှင့် ပန်းခြင်းကို မွန်ပြည်သစ်ပါတီမှ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးနိုင်တလညီအား လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဖေဖော်ဝါရီ ၁ ရက်တွင် Strand Hotel ၌ ပဏာမငြိမ်းချမ်းရေးဖော်ဆောင်ရေးဆွေးနွေးပွဲကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) (ပြည်သူ့စစ်)၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စ ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးဌေးမြင့်အောင် ဦးစီးအဖွဲ့ဝင် (၅)ဦးနှင့် မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ရော့စ ဦးဆောင်သည့် အဖွဲ့ဝင် (၇)ဦးတို့သည် အောက်ဖော်ပြပါ ပဏာမဆောင်ရွက်ရန် သဘောတူညီချက် (၅)ချက်ကို သဘောတူပြီး မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့က သက်ဆိုင်ရာမွန်ပြည်သစ်ပါတီ ဗဟိုကော်မတီသို့ ခွင့်ပြုချက်တောင်းခံ၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်တွင် အတည်ပြုလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်-

(က) နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရန်ကိစ္စ။

(ခ) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့်နေ့ရက်၊ အချိန်နှင့် နေရာတို့ကိုညှိနှိုင်းရန်ကိစ္စ။

(ဂ) ဆက်ဆံရေးစခန်းကို နှစ်ဖက်သဘောတူသည့် သင့်တော်ရာနေရာ၌ (လက်နက်မပါ)ထားရှိရန်ကိစ္စ။

(ဃ) သတ်မှတ်နေရာမှအပ အခြားဒေသသို့ လက်နက်ဖြင့် သွားလာခြင်းမပြုရန်ကိစ္စ။

(င) နှစ်ဖက်သဘောတူညီမှု ညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာများတွင် နေထိုင်ရန်ကိစ္စ။

ထို့နောက် ဗိုလ်မှူးကြီးဌေးမြင့်အောင်နှင့် မွန်ပြည်သစ်ပါတီ(NMSP)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်တလညီတို့သည် ပဏာမသဘောတူညီမှုစာချုပ်ကို အပြန်အလှန်လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးဌေးမြင့်အောင်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးနိုင်တလညီတို့ ပဏာမသဘောတူညီမှုစာချုပ်ကို အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

SKY NET နှင့် DFL BUNDESLIGA FOOTBALL တို့ပူးပေါင်းကာ BUNDESLIGA ဘောလုံးပြိုင်ပွဲများ ရုပ်/သံထုတ်လွှင့်ခြင်း နှစ်ဦးသဘောတူ နှစ်ရှည်လက်မှတ်ရေးထိုးပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားကျင်းပ

SKY NET နှင့် DFL BUNDESLIGA FOOTBALL တို့ ပူးပေါင်းကာ BUNDESLIGA ဘောလုံးပြိုင်ပွဲများရုပ်/သံထုတ်လွှင့်ခြင်း နှစ်ဦးသဘောတူ နှစ်ရှည်လက်မှတ်ရေးထိုးပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂

SKY NET နှင့် DFL BUNDESLIGA FOOTBALL တို့ ပူးပေါင်းကာ BUNDESLIGA ဘောလုံးပြိုင်ပွဲများ ရုပ်/သံထုတ်လွှင့်ခြင်း နှစ်ဦးသဘောတူ နှစ်ရှည်လက်မှတ်ရေးထိုးပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Grand ballroom ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး Mr. Hristian Ludwig Weber Lortsch၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရွှေသံလွင်ကုမ္ပဏီနာယက ဒေါ်နီ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ SKY NET မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းမောက်လောက်ဆိုင်နှင့် တာဝန်ရှိသူများ၊ DFL BUNDESLIGA FOOTBALL Vice President Sales Mr.Kay Dammholg နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် SKY NET အထွေထွေမန်နေဂျာ ဦးဝင်းနိုင်နှင့် DFL BUNDESLIGA FOOTBALL Vice President Sales Mr. Kay Dammholg တို့က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် SKY NET နှင့် BUNDESLIGA တို့ ပူးပေါင်းကာ SKY NET မှ Official Broadcastor ဖြစ်ကြောင်းကို ဗီဒီယိုဆလိုက်ဖြင့် ပြသပြီး SKY NET မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းမောက်လောက်ဆိုင်နှင့် DFL BUNDESLIGA FOOTBALL Vice President Sales Mr. Kay Dammholg တို့က SKY NET- BUNDESLIGA Official Broadcastor Logo ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဂျာမနီနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးမျိုးလှိုင်ဝင်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် မြန်မာ့လက်ရွေးစင် ဘောလုံးသမား ကျော်ကိုကိုက ဘောလုံးစွမ်းရည်သရုပ်ပြသပြီး စာနယ်ဇင်းများမှ တာဝန်ရှိသူတို့က သိရှိလိုသည်များကို မေးမြန်းကြရာ SKY NET နှင့် BUNDESLIGA တို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

(သတင်းစဉ်)

ဘဝအတွေး ဘဝအရေး

ဇော်မျိုးဇော်

စိတ်ကိုပြင်ဖို့ ကြည့်မှန်တစ်ချပ်

တစ်နေ့က ခင်မင်ရင်းနှီးသော အစ်ကိုတော်ဌာနကြီးမှူးတစ်ဦး ကျွန်တော့်အလုပ်စားပွဲအနီးမှ ဖြတ်လျှောက်သွားရင်းက **"စားပွဲပေါ်မှာ ကြည့်မှန်တစ်ချပ် ထောင်ထားပါလား"** ဟု ပြောရင်း တစ်ဆက်တည်း **"အကျည်းတန် မှန်ကြိုက်ဆိုတာ ဒါမျိုးပေါ့"** ဆိုကာ လှမ်းနောက်သည်။ ကျွန်တော်က "ကိုယ့်ကို အမြဲသတိပေးနေမယ့် ပစ္စည်းတစ်ခုအနေနဲ့ ထားတာပါခင်ဗျာ" ဟု ပြန်ဖြေရသည်။

ကြည့်မှန်သည် အမျိုးသမီးများနေရာမရွေး အလှပြုပြင်နိုင်ရေးအတွက် ကိုယ်နှင့်မကွာ ယူဆောင်နိုင်သည့်အရွယ်အစား သေးသေးလေးမှစ၍ ကိုယ်တစ်ဝက်ပေါ်မှန်၊ ကိုယ်လုံးပေါ်မှန်၊ အားကစားခန်းမများတွင် တပ်ဆင်ထားသည့် ခန်းလုံးပြည့်မှန်စသည်ဖြင့် အသုံးပြုမှုများအပေါ်မူတည်၍ လူတိုင်းအတွက် အသုံးဝင်၊ အသုံးပြုနေသည့် ပစ္စည်းတစ်ခုဖြစ်သည်။ မှန်ကိုကြည့်၍ မိမိ၏ ဖီးလိမ်းပြင်ဆင်ခြယ်သမှု အဆင်ပြေ၊ မပြေ စစ်ဆေးပြင်ဆင်ရသည်။ ဝတ်စားဆင်ယင်မှု လိုက်ဖက်တင့်တယ်မှုရှိ၊ မရှိ အကဲခတ်ရသည်။ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်မှုရှိ မရှိ စောကြောလေ့ကျင့်ရသည်။ ပြောရလျှင် ကြည့်မှန်သည် မိမိ၏ ရုပ်ရည်နှင့်ခန္ဓာကိုယ် လှပတင့်တယ်ပြေပြစ်ဖို့ စစ်ဆေးရာတွင် အသုံးပြုကြသည့် ပစ္စည်းတစ်ခုဖြစ်ပါသည်။

အချို့သော လူပုဂ္ဂိုလ်များသည် စိတ်ထဲတွင် ဖြစ်ပေါ်ခံစားနေရသည်များကို မျက်နှာပေါ်သို့ မရောက်အောင် ထိန်းသိမ်းနိုင်စွမ်းရှိသည့် အရည်အချင်းကောင်းများကို အားကျဖွယ် ပိုင်ဆိုင်ထားကြသည်။ ကျွန်တော်ကား ယင်းတို့ကဲ့သို့မဟုတ်။ စိတ်တိုစရာ၊ စိတ်ရှုပ်စရာ၊ အလိုမကျစရာ၊ အောင့်သက်သက်ဖြစ်စရာများကြုံပြီဆိုလျှင် ထိုလက္ခဏာများ ကျွန်တော့်မျက်နှာမှာ သိသိသာသာပေါ်လာသည်။ (မျက်နှာပျက်သွားသည်ဟု ဆိုရမည်) ဟန်မဆောင်နိုင်ပေ။

ကျွန်တော်၏ လုပ်ငန်းသဘောအရ လူအများနှင့်ဆက်ဆံရသည်။ ရာထူးအဆင့်အတန်းကြီးငယ်၊ အသက်အရွယ်ကြီးငယ် အစုံနှင့် တွေ့ဆုံပြောဆိုလုပ်ကိုင်ရသည်။ ထိုသောအခါ ကျွန်တော်၏ ညစ်နွမ်း၊ မှုန်တေနေသော မျက်နှာထားသည် ထိုပုဂ္ဂိုလ်အသီးသီးအတွက် စိတ်ကျေနပ်ဖွယ်ဖြစ်မည် မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့က စိတ်အနှောင့်အယှက်ကင်းကင်းနှင့် လွတ်လပ်ပေါ့ပါးစွာ ဆက်ဆံပြောဆိုနိုင်အောင် ကျွန်တော့်အနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားပြင်ဆင်ထားရပေမည်။

ကျွန်တော်တို့အားလုံးသည် ပျော်ရွှင်စရာများကိုသာ မျှဝေခံစားလိုကြပြီး စိတ်မသက်သာဖွယ်ခံစားမှုများကိုတော့ မည်သူ့ကိုမျှ မပေးလိုကြသည်မဟုတ်ပါလား။ မိမိပတ်ဝန်းကျင်တွင် ဆက်ဆံနေကြသူမှန်သမျှအပေါ် ကြည်လင်သော မျက်နှာ၊ ဖြူစင်သောအပြုံး၊ စေတနာပါသော လုပ်ဆောင်မှုများဖြင့် ကောင်းမွန်သော ပတ်ဝန်းကျင်ကို ဖန်တီးနေကြသည်မဟုတ်ပါလား။

ထို့ကြောင့် ကျွန်တော့်ကို အမြဲမပြတ် သတိပေးနေနိုင်မည့် ကြည့်မှန်သေးသေးတစ်ချပ်ကို အလုပ်စားပွဲပေါ် ထောင်ထားသည်။ မကြာခဏကြည့်မိအောင် သတိထားသည်။

ဆံပင်ရှည်ပြီ၊ ညှပ်ပါ။

မျက်နှာချောင်နေပြီ၊ မနေ့ညက အချိန်လွန်ခဲ့တာကိုး၊ သင့်တဲ့အချိန်ဖြတ်ပါ။ အစားမှန်မှန်စားပါ။

မျက်လုံးက ကြောက်စရာကြီးဖြစ်နေပြီး အောင့်သက်သက်ခံလိုက်ရသည့်ကိစ္စတစ်ခုကို ရန်လိုတုံ့ပြန်ချင်နေတာကိုး။ ပြင်ပါ။

မျက်နှာထားကမာပြီး နှုတ်ခမ်းတွေတင်းနေပါလား။ တာဝန်ပေးလိုက်တဲ့ အတိုင်း၊ မှာတဲ့အတိုင်းမလုပ်ခဲ့လို့ ပြဿနာပေါ်တဲ့ လက်အောက်ဝန်ထမ်းကို ဆူပူဖို့ဒေါသထွက်နေတာကိုး၊ ပြင်ပါ။

မျက်နှာက မှုန်ကုပ်ကုပ်ဖြစ်နေပြီ၊ စိတ်ထောင်းလျှင် ကိုယ်ကြေမည်၊ ကျန်းမာရေးကို ဂရုစိုက်ပါ။ စသည်ဖြင့် ကြည့်မှန်ငယ်လေးက ကျွန်တော့်ကို အမြဲမပြတ် သတိပေးနေပါသည်။

ထိုသို့သတိပေးမှုကြောင့် ကျွန်တော်၏ကိုယ်တွင်လည်း မလိုလားအပ်သော၊ အကျိုးမရှိသော စိတ်ပင်ပန်းစရာများ သက်သာလျော့နည်းသွားရသလို ကျွန်တော်နှင့် ထိတွေ့လုပ်ငန်းဆောင်ရွက်နေကြသူများအဖို့လည်း စိတ်လက်ပေါ့ပါးစွာဖြင့် ပြောဆိုဆက်ဆံနိုင်ကြပါသည်။ ကိုယ့်ကြောင့်၊ ကိုယ့်အပူကြောင့် တစ်ပါးသူကို စိတ်အနှောင့်အယှက် ဖြစ်စေမှုမှ အတော်အတန်သက်သာရာရစေခဲ့ပြီ ဖြစ်ပါသည်။

သာမန်အားဖြင့် လူတစ်ဦးသည် စိတ်ကြည်လင်နေလျှင် မျက်နှာကြည်မည်။ စိတ်ညစ်နွမ်းနေလျှင်တော့ မျက်နှာလည်း ညစ်နွမ်းမည်။ အပြန်အလှန်အားဖြင့် မျက်နှာကြည်လျှင် စိတ်ကြည်မည်။ မျက်နှာညစ်နေလျှင် စိတ်လည်း ညစ်နေမည်ပင်။

ကြည့်မှန်ကို ရုပ်နှင့်ခန္ဓာကိုယ် တင့်တယ်ပြေပြစ်အောင် ခြယ်သပြုပြင်ရန်အတွက် အဓိကထားရှိအသုံးပြုကြပါသည်။

ကျွန်တော်က-

ကျွန်တော့် စိတ်ကို အမြဲပြင်နိုင်ဖို့ ကြည့်မှန်တစ်ချပ် ထောင်ထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် စိုက်ပျိုးစွမ်းအားမြှင့်မားရေးဆောင်ရွက်ချက် (ပထမဆုံးဖွင့်လှစ်ခဲ့သော ကညင်ရေလှောင်တမံ)

* ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံး တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ရေလှောင်တမံဖြစ်သည်။
* ၂၀၀၇-၂၀၀၈ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ရေးကာလ(၅)နှစ်အတွင်း ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ နိုင်ငံတော်၏ ဆည်မြောင်းတာတမံစီမံကိန်းများအနက် ဧရာဝတီတိုင်းဒေသကြီးအတွင်း (၁၀)ခုမြောက်ဖွင့်လှစ်နိုင်ခဲ့သော စီမံကိန်းဖြစ်သည်။
* ကညင်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၉၄ ပေ၊ ပင်မတမံပေ ၃၇၅၀၊ ကုန်းကျောတမံပေ ၂၈၅၀၊ ကန်ရေပြည့်ရေလှောင်တမံပမာဏ ဧကပေ ၁၄၈၈၀၀၊ ၄ ပေ × ၆ ပေ ရေထုတ်ပြွန် သုံးခုနှင့် သံကူကွန်ကရစ်ဖြင့် (OGEE TYPE) တည်ဆောက်ကာ လယ်မြေဧက ၂၅၀၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်သည်။
* ကညင်တမံမှ ယခုနှစ် နွေစပါးဧက ၈၀၀၀ ပေးဝေမည်ဖြစ်ပြီး တောင်သူတစ်ဦးချင်းနှင့် ဧက ၃၅၀၀ ကို ပေးဝေရန် စီစဉ်ထားသည်။ ရေပေးစနစ်အနေဖြင့် ပင်မမြောင်းလက်တံ ၅၈ မိုင် လက်ဝဲ/လက်ယာ လက်တံရေပေးမြောင်း ၁၂၃ မိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ရေအားလျှပ်စစ် ၂ ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံးတပ်ဆင်၍ ဒေသအတွက် ကျေးလက်ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်ထားသည်။
* နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ အခြေခံလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် ကညင်ရေလှောင်တမံကို တည်ဆောက်ပေးခဲ့သဖြင့် ဒေသ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး ဒေသခံတောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ကာ နိုင်ငံ့စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။
* နိုင်ငံတော်က ငွေကြေးအမြောက်အမြား ရင်းနှီးပြီး ပေါ်ပေါက်လာသည့် ကညင်ရေလှောင်တမံသည် ဧရာဝတီတိုင်းဒေသကြီးရှိ တောင်သူလယ်သမားများ၏ ဘဝနှင့် ဝင်ငွေ တိုးတက်စေသည်။ ထို့အပြင် သားစဉ်မြေးဆက်အကျိုးခံစားနိုင်အောင် ဆည်ရေကို တန်ဖိုးရှိရှိအသုံးချရန်၊ တာတမံစည်းမျဉ်းစည်းကမ်းဥပဒေကို တိတိကျကျလိုက်နာရန် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ငွေပဒေသာပင် စိုက်ထူလှူဒါန်း

တောင်ငူ ဖေဖော်ဝါရီ ၂

သတင်းထောက် ဦးကျော်လှ (သမာဓိ) တောင်ငူ၏ ဖေဖော်ဝါရီ ၁ ရက်တွင် ကျရောက်သည့် (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ကုသိုလ်ဒါန အလှူတော်အဖြစ် သမာဓိ မိသားစုက တောင်ငူမြို့ စည်ပင်ဂိုဏ်းအုပ်စာသင်တိုက်ရှိ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်ပြီး စာသင်တိုက်ငွေပဒေသာပင် စိုက်ထူရန်အတွက် ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိုးမြင့် (စာတိုက်မှူး-ငြိမ်း) က လက်ခံရယူပြီး အလှူရှင်မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

မွေးနေ့အလှူ

ဦးကျော်လှ (သမာဓိ)၏ ဝိဇာတဇယန္တီ မင်္ဂလာမွေးနေ့အလှူပွဲတွင် သမာဓိ မိသားစုနှင့် ဧည့်ပရိသတ်များက စည်ပင်ဂိုဏ်းအုပ်စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဉာဏိန္ဒာလင်္ကာရထံ ငါးပါးသီလ ဆောက်တည်ကြပြီး မွေးနေ့အနုမောဒနာတရား နာယူကြကြောင်း သိရှိရသည်။ (၄၇၂)

ပြည်သူ့ဆေးရုံ ဘက်စုံဖွံ့ဖြိုးရေးငွေလှူ

သရက်ချောင်း ဖေဖော်ဝါရီ ၂

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပြည်သူ့ဆေးရုံ ဘက်စုံဖွံ့ဖြိုးရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခိုင်မိမိဇင်က ဆေးရုံအတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် လွှတ်တော်အနေဖြင့် ပြည်သူတို့၏ အခွင့်အရေးများအတွက် ဆောင်ရွက်နေမှုအပေါ် အားရကျေနပ်မိပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများအား သိသာထင်ရှားစွာ တွေ့ရှိရပါကြောင်း အပြန်အလှန် ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရ အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားအောင် ဖော်ဆောင်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်း ဆောင်ရွက်ရေး။
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမဝန်ကြီးဌာန အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ် (ပုဂံ) ကျောင်းအုပ်ကြီး ဦးကျော်ဘုန်းနိုင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့် မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သွားရောက်၍ ကော်မရှင်ဥက္ကဋ္ဌ၏ ရုံးခန်း၌ တွေ့ဆုံရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

Mr. Tomas Ojea Quintana က လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ တိုးတက်မှုများစွာ တွေ့မြင်နေရခြင်းအတွက် ဝမ်းမြောက်ကြောင်း ပြောကြားပြီး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ယခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ်(၄၈)နေရာအတွက် (၁၉)ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း၊ မူလရှိရင်းစွဲ ပါတီ(၁၁)ခု အပြင် အန်အယ်(လ်)ဒီ ပါတီ အပါအဝင် ပါတီသစ် ရှစ်ခုပါ ထပ်မံဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် အခြား ရွေးကောက်ပွဲဆိုင်ရာ ကြိုတင်ပြင်ဆင် ထားရှိမှုအခြေအနေများကို ကျယ်ကျယ် ပြန့်ပြန့် ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ်အား မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana သည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်မြို့ပေါ် ရှိကျောင်းများ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပုသိမ်မြို့ အမှတ်(၅) ရပ်ကွက် အောင်သုခလမ်းရှိ အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အမှတ်(၅)ရပ်ကွက် သန္တာလမ်းရှိ အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၊ ဘူတာလမ်းရှိ အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁၇)အခြေခံပညာမူလတန်းကျောင်း၊ ပပဝတီလမ်းရှိ အမှတ်(၂၀၆) အခြေခံ ပညာမူလတန်းကျောင်း၊ အမှတ်(၁)ရပ်ကွက်ရှိ အမှတ်(၁၃၅) အခြေခံပညာ မူလတန်း ကျောင်း၊ ဘူတာလမ်းရှိ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁) ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၂)ရပ်ကွက်ရှိ အမှတ်(၁၇၇) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁၄) အခြေခံပညာမူလတန်း ကျောင်း၊ အမှတ်(၂)ရပ်ကွက် ဘူတာလမ်းရှိ အမှတ်(၁၃)အခြေခံပညာ မူလတန်း ကျောင်းနှင့် အမှတ်(၂)ရပ်ကွက် စကားဝါလမ်းရှိ အမှတ်(၁၀၃) အခြေခံပညာ မူလတန်းကျောင်းတို့သို့ လှည့်လည်သွားရောက်၍ ကျောင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခင်ဦးမြို့နယ် အင်တိုင်းကြီး(အမက) ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ခင်ဦး ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အင်တိုင်းကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးအောင်မျိုးငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေး၊ မြို့နယ်ပညာရေးမှူး ဦးစိုးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

(၅၇၃)

တောင်ဥက္ကလာပမြို့နယ် အမက(၂၆) ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်အံ့မင်းခန့် အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။

(ကြေးမုံ)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်ထံ အလှူရှင် ဦးသန့်-ဒေါ်ချစ်ချစ် (မြင့်မြင့်ခင် ထိုးမုန့်၊ လမုန့်) မိသားစုက မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး နှလုံးနှင့် သွေးကြော ဆေးကုသဌာန အထူးကြပ်မတ် သုံးထပ်ဆေးကုသဆောင် ဆောက်လုပ်ရန် အတွက် အလှူငွေများပေးအပ် လှူဒါန်းစဉ်။

(သတင်းစဉ်)

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးနှင့် သွေးကြောဆေးကုသဌာန အထူးကြပ်မတ် သုံးထပ်ဆေးကုသဆောင်ဆောက်လုပ်ရန် အလှူငွေပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် ယနေ့ နံနက် ၈ နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နှလုံးနှင့် သွေးကြောဆေးကုသဌာန အထူးကြပ်မတ်သုံးထပ်ဆေးကုသဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူရှင် မန္တလေးမြို့ လမ်း(၃၀)နှင့် (၃၁)လမ်းကြား (၇၈)လမ်း ဘူတာကြီးတိုက်တန်းနေ ဦးသန့်-ဒေါ်ချစ်ချစ် (မြင့်မြင့်ခင် ထိုးမုန့်၊ လမုန့်) မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၂၀၀၀ ကို လက်ခံသည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းက လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(သတင်းစဉ်)

ပုလဲသွယ်စပ်မျိုးစပါးများ တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုး ဈေးကွက်ခိုင်မာစွာရရှိရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့် လယ်ယာမြေ ၃၆၉ ဧက စိုက်ခင်း၌ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဗဟိုဌာန (IRRI) မှ Coordinator, Dr. Grant Roberts Singleton ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဒဂုံဏသီရိမြို့နယ် ရန်အောင်မြင်ဆည်ရေသောက်ဒေသမှ လေ့လာရေးတောင်သူ ၂၅ ဦးတို့အား တွေ့ဆုံ၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများ တွက်ခြေကိုက်၊ ဝင်ငွေတိုးတက်ရရှိစေရန် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ပြောင်းလဲသုံးစွဲရေးကို ထိထိရောက်ရောက် အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု အလျင်လိုကျေးရွာသည် ပုလဲသွယ်စပ်မျိုးစပါး မျိုးကောင်းမျိုးသန့်များကို တစ်ဆက်တစ်စပ်တည်း တညီတညွတ် စိုက်ပျိုးထားကြပြီး စိတ်တူကိုယ်တူဆန္ဒတူဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် အနည်းဆုံး တင်း ၁၀၀ ထွက်ရှိလျှင်ပင် ယခင်ထက် ဝင်ငွေနှစ်ဆ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ မျိုးသန့်တစ်မျိုးတည်း တစ်ဆက်တစ်စပ်တည်း မစိုက်ဘဲ မျိုးကွဲများ အများအပြား ရောနှောစိုက်ပျိုးပါက ဆန်များကြိတ်ခွဲရာတွင် အကျိုးအကြေများပြီး နိုင်ငံတကာဈေးကွက်တွင် နေရာမရနိုင်ကြောင်း၊ အထွက်နှုန်း တစ်ဧက တင်း ၂၀၀ အထက် ထွက်ရှိပြီး ဆန်အရည်အသွေးကောင်းသော ပုလဲသွယ်စပ်မျိုးစပါးများကို တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးပြီး ခေတ်မီဆန်စက်ကြီးများဖြင့် ကြိတ်ခွဲ၍ ဈေးကွက်ခိုင်မာစွာ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

တောင်သူလယ်သမားများကိုယ်တိုင်က လက်ရှိနိုင်ငံတကာ၌ စိုက်ပျိုးအကောင်အထည်ဖော်နေမှုများကို လေ့လာခြင်း၊ လယ်ယာစီးပွားစာစောင်များ ဖတ်ရှုလေ့လာခြင်းဖြင့် မျက်စိဖွင့်နားစွင့်လျက် နည်းပညာ ဗဟုသုတများ ရှာဖွေပါမှ လူနေမှုဘဝမြင့်မားလာမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ကွင်းအတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ၃၆၉ ဧက စိုက်ကွင်းအတွင်း ကွင်းဆင်း ကြည့်ရှုကြသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာဒေသ အဆင့်မြင့်လယ်ယာမြေ ၉၄၅ ဧကစိုက်ကွင်းသို့ ရောက်ရှိပြီး ၁၀ ရက်သား သက်တမ်းရှိ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ပုလဲသွယ်စပ်မျိုးစပါး ပျိုးခင်းများနှင့် ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ ကုန်ထုတ်လမ်းများ စနစ်တကျ ဆောင်ရွက်ထားရှိမှုများ၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ ပုလဲသွယ်စပ်မျိုးစပါး လေးမျိုး သုတေသန စိုက်ပျိုးဆောင်ရွက်နေမှုများ၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ တောင်သူပညာပေး စိုက်ကွင်း၌ ဗီယက်နမ် ပုလဲသွယ်စပ်မျိုး ၁၁ မျိုး၏ ၇၄ ရက်သား သက်တမ်းတွင် ပင်ပွားများ ပွားစည်းအောင်မြင်နေမှုများကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်း၌ တောင်သူပညာပေးဝင်ငွေရ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အမယ်စုံ ၃၅ မျိုး စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ ၃၈ ရက်သား သက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းဖြစ်ထွန်း အောင်မြင်နေမှုနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပျိုးဥယျာဉ်တို့ကိုလည်းကောင်း ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက IRRI အဖွဲ့မှ ကိုယ်စားလှယ်များနှင့် ရန်အောင်မြင် ဆည်ရေသောက် ဒေသမှ လေ့လာရေးတောင်သူလယ်သမားများအား တောင်သူလက်ဝယ် စိုက်ပျိုးရာသီအချိန်မီ ရောက်ရှိစေရန် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များအား ခေတ်မီမျိုးစေ့သန့်စင်စက်များဖြင့် ရွေးချယ်ထုပ်ပိုး ပြင်ဆင်နေမှု၊ အဆင့်မြင့် သိုလှောင်ရုံတွင် သိမ်းဆည်းထားရှိမှုများကိုပြသပြီး တောင်သူများအား ပုလဲသွယ်ဆန်များကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed (ND), ndc, psc အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ ညဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်တင်အောင်စန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Commodore Commanding Chittagong ဖြစ်သူ Commodore Nizamuddin Ahmed, (TAS), ndc, psc၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံမှူးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံရေတပ်များအကြား ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမပွဲထက် အကြိတ်အနယ်ရှိနိုင်သည့် မြန်မာယူ(၂၁)နှင့် အူလ်ဆန်ခြေစမ်းပွဲ

သတင်းမှတ်စု - ဇော်မင်းအောင်(၁၀၇)

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းအောင်မြင်မှုရရှိရေးအတွက် မျှော်မှန်းပြင်ဆင်ဖွဲ့စည်းထားသည့် မြန်မာယူ (၂၁)လက်ရွေးစင်အသင်းသည် ဘရူနိုင်းဘုရင့်ဖလားပွဲ သွားရောက်မယှဉ်ပြိုင်မီ ခြေစမ်းပွဲအဖြစ် ကိုရီးယား အူလ်ဆန်တက္ကသိုလ်လက်ရွေးစင်အသင်းနှင့် ဖေဖော်ဝါရီ ၁ ရက်နှင့် ၃ ရက်တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁ ရက် ပထမပွဲစဉ်ကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာယူ (၂၁)အသင်းက အူလ်ဆန်တက္ကသိုလ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထိုပြိုင်ပွဲတွင် မြန်မာယူ(၂၁)အသင်းမှာ နာမည်ကြီး ကိုရီးယားနည်းပြ မစ္စတာပတ်ဆောင်ဟွာ၏ လက်ထက်တွင် စုပေါင်းလေ့ကျင့်ချိန် လေးကြိမ်ခန့်သာရှိသေးသော်လည်း အူလ်ဆန်တက္ကသိုလ်အသင်းနှင့် သူတင်ကိုယ်တင်ယှဉ်ပြိုင်ကစားနိုင်ခဲ့ကြောင်း တွေ့ရသည်။

၂၀၁၃ ခုနှစ် ဆီးဂိမ်းအထိ အသက်မီသော နာမည်ကြီးကစားသမားအချို့နှင့် အသက် (၁၉)နှစ်အောက်၊ (၂၁) နှစ်အောက် ကစားသမားများကို ရွေးချယ်စုစည်းထားသည့်အသင်းဖြစ်၍ ကစားအားနှင့် စိတ်ဓာတ်ပိုင်းမှာ ကျေနပ်စရာကောင်းလှသည်။

အထူးသဖြင့် စည်းကမ်းကောင်းပြီး စိတ်ဓာတ်ပြင်းထန်ကာ နည်းစနစ်ပိုင်း ကျွမ်းကျင်၊ နည်းပြအတွေ့အကြုံရင့်ကျက်သည့် ကိုရီးယားနည်းပြ မစ္စတာပတ်ဆောင်ဟွာနှင့် ကစားအားနှင့်စိတ်ဓာတ်မာကျောပြီး အမိန့်နာခံမှုပြည့်ဝသော မြန်မာယူ(၂၁) ကစားသမားများပေါင်းစပ်ပြီး လေ့ကျင့်ချိန်မြင့်မားကာ ပြိုင်ပွဲအတွေ့အကြုံရင့်ကျက်လာသည်နှင့်အမျှ လာမည့်ဆီးဂိမ်း၌ "ဗိုလ်မစွဲနိုင်"ဟု ဆိုဝံ့သူရှိမည်လားဟုပင် မေးခွန်းထုတ်လိုပါသည်။

မြန်မာယူ(၂၁)အသင်းနှင့် ကိုရီးယားနိုင်ငံအူလ်ဆန်တက္ကသိုလ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြစဉ်။ (၁၀၇)

ပထမခြေစမ်းပွဲတွင် မြန်မာလူငယ်ကစားသမားအားလုံးကြိုးစားပြီး ခြေစွမ်းပြခဲ့သော်လည်း အဆုံးသတ်ပိုင်းတွင် နားလည်မှုနှင့် အချိတ်အဆက်အနည်းငယ် လွဲချော်နေ၍ ဂိုးများများမရခဲ့သော်လည်း ကောင်းစည်သူ သွင်းယူသည့်ဂိုးမှာ ထိုက်တန်သဖြင့် မြန်မာပရိသတ်များ သဘောကျကျေနပ်ခဲ့ကြောင်း သိရသည်။

မည်သို့ပင်ဆိုစေ ယနေ့ အောင်ဆန်းကွင်းတွင် ကစားမည့် ဒုတိယခြေစမ်းပွဲမှာ ပရိသတ်စိတ်ဝင်စားစရာ ဖြစ်လာဦးမည့်ပွဲ ဖြစ်သည်။ ဧည့်သည် ကိုရီးယားအူလ်ဆန်တက္ကသိုလ်အသင်းကလည်း ပထမပွဲ ရှုံးထား၍ ယခုပွဲတွင် ခြေကုန်ထုတ် ကစားမည်ဖြစ်ရာ ပရိသတ်အကြိုက်တွေ့ဦးမည့် ပွဲကြီးပွဲကောင်းဖြစ်ပါကြောင်း။ ။

မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Prajuab Supinee သည် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ ပူးပေါင်းကျင်းပရေးကိစ္စကို ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI ဖုန်း-၂၁၄၃၄၄-၄၉၊ Ext: ၁၂၁၊ ၁၂၂ သို့ဆက်သွယ်၍ လည်းကောင်း၊ ကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်များ စေလွှတ်၍ လည်းကောင်း အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club တွင်စတင်ကျင်းပရာ ဂေါက်သီးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Scott HEND (AUS)၊ Ben FOX (USA)၊ Wade ORMSBY (AUS) တို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကြပြီး ဦးဆောင်ကစားလျက်ရှိသည်။

ဇော်မိုးက သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး ၆၉ ချက်၊ မင်းနိုင်က ၇၀ ချက်၊ ရန်မျိုးအေးက ၇၁ ချက်၊ စိုးကျော်နိုင်က ၇၁ ချက်၊ သိန်းဇော်မြင့်က ၇၁ ချက်၊ ဘိုဘိုက ၇၂ ချက်၊ စိုးမိုးဝင်းက ၇၂ ချက်၊ အောင်ဝင်းက ၇၃ ချက်၊ နိုင်နိုင်လင်းက ၇၃ ချက်၊ ဇော်ဇော်လတ်က ၇၃ ချက်၊ လှမျိုးက ၇၃ ချက်၊ နေဗလဝင်းမြင့်က ၇၄ ချက်၊ ယဉ်အောင်လတ်က ၇၅ ချက်၊ မြင့်ရွှေက ၇၆ ချက်၊ အောင်ဆန်းဝင်းက ၇၇ ချက်၊ ဇော်ဇင်ဝင်းက ၇၈ ချက်၊ ရန်နိုင်ဖြိုးက ၇၉ ချက် အသီးသီး ရရှိထားကြသည်။

ရဲထက်အောင် (Amateur) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ဦးဆောင်ကစားလျက်ရှိသည်။ နိုင်ရဲလင်းက ၇၂ ချက် ရရှိထားသည်။

အဆိုပါ ပြိုင်ပွဲ၏ Title Sponsor အဖြစ် ZAYKABAR Co., Ltd. က အဓိက ကူညီပံ့ပိုးပြီး Presenting Sponsor အဖြစ် Air Bagan က ထပ်မံပံ့ပိုးကူညီကာ Co Sponsor များအဖြစ် A1 Construction Co., Ltd., Alpine Purified Drinking Water, Asia Metal Group of Companies, Srixon, Tiger Beer, Canon and 100plus တို့ဖြစ်ကြပြီး Hole In One Sponsor များအဖြစ် ZAYKABAR Co., Ltd.၊ CEO (Cost Effectiveness Oriented Group Co., Ltd.)နှင့် Aung Hein Min Co., Ltd. (Sumi- tomo) တို့က ထပ်မံပံ့ပိုးကူညီကြသည်။

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ယင်းဂေါက်ကလပ်၌ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

UNDERWORLD:AWAKENING ဇာတ်ကားသစ်ရုံတင်

ဖေဖော်ဝါရီ ၃ ရက် (သောကြာနေ့)တွင် ရွှေ့ဆောင်ရုံ၌ UNDERWORLD: AWAKENING ဇာတ်ကားသစ် **(ယာပုံ)** ရုံတင်လာသည်။ ဇာတ်ကားမှာသွေးစုပ်ဖုတ်ကောင်များနှင့် လိုင်ကင်ခေါ် သမန်းဝံပုလွေများကို လူသားတို့က မျိုးဖြုတ်သုတ်သင်ရှင်းလင်းစဉ် သွေးစုပ်ဖုတ်ကောင်မလေး ဆလင်းမှာ အဖမ်းခံရသည်။ ဆလင်းက သူ့ချစ်သူ လိုင်ကင်မျိုးစပ် မိုက်ကယ်ကို တွေ့အောင်ရှာပြီး ဖုတ်ကောင်လောကကို ပြန်လည်တည်ဆောက်ရန်နှင့် လူသားတို့ လက်ထဲရှိ ကမ္ဘာကြီးကို ပြန်လည်သိမ်းပိုက်ရန် ဆုံးဖြတ်ချက်ချထားသည့်အကြောင်း တင်ပြထားသည့် ဇာတ်ကားတစ် ကားဖြစ်သည်။ ဒါရိုက်တာ Mars Marlind ရိုက်ကူးပြီး သရုပ်ဆောင် Kate Backinsale နှင့် Michael Ealy တို့ ပါဝင်သရုပ်ဆောင်ထားသည့် အက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် အချစ်ကွိုင်ဇာတ်ကားပြသလျက်ရှိသည်။ လူ့လောက နေရာတကာတွင် တစ်ဦးနှင့်တစ်ဦး ပြဿနာဖြစ်တတ်ပုံကို ဒါရိုက်တာ ဒေါနက ကွိုင်ဆိုသော စကားလုံးဖြင့် တင်စားထားသည်။ တဝါးဝါး တဟားဟားရယ်ရမည့် အချစ်မေတ္တာဘွဲ့ ဇာတ်မြူးကားဖြစ်သည်။ ရန်အောင်၊ ကျော်ရဲအောင်၊ ဟိန်းဝေယံ၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ အိန္ဒြာကျော်ဇင်နှင့် ဟာသသရုပ်ဆောင်များက ပရိသတ်ကို နှလုံးရွှင်ဆေးဖျော်ဖြေပေးမည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

နေပြည်တော် ရုပ်ရှင်ရုံတွင် IN TIME ဇာတ်ကားပြသလျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံအခြေစိုက် Kuok နှင့် Wilmer ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မလေးရှားနိုင်ငံအခြေစိုက် Kuok နှင့် Wilmer ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများအား ဇန်နဝါရီ ၂၉ ရက် ညနေ ၄ နာရီတွင် ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံအခြေစိုက် Kuok နှင့် Wilmer ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများအား စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ကြံ၊ ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် The Straits Times သတင်းစာမှ အကြီးတန်းသတင်းထောက်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် The Straits Times သတင်းစာမှ အကြီးတန်းသတင်းထောက် Ms. Rupali Karekar အား ဇန်နဝါရီ ၃၀ ရက် ညနေ ၅ နာရီခွဲတွင် ရှန်ဂရီလာဟိုတယ် Valley Wing ရှိ State Room ၌ လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် The Straits Times သတင်းထောက်က မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့် အနာဂတ်မျှော်မှန်းချက်များ၊ သတင်းမီဒီယာများ၏ အခန်းကဏ္ဍ စသည်တို့ကို မေးမြန်းရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် The Straits Times သတင်းစာမှ အကြီးတန်းသတင်းထောက် Ms. Rupali Karekar အား လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ဖြေကြားစဉ်။

(သတင်းစဉ်)

ယနေ့ သတင်း အညွှန်း

ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် မွန်ပြည်သစ်ပါတီ လက်မှတ်ရေးထိုး

ပြည်တွင်းသတင်း စာမျက်နှာ - ၇

ကြော်ငြာအချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။